## သီပေါမြို့နယ်အတွင်းရှိ ဒေသခံပြည်သူလူထုများ နှင့် လွှတ်တော်ကိုယ်စားလှယ်တို့၏ပူးပေါင်းထုတ်ပြန်ချက်

အောက်တိုဘာလ ၊ ၁၂ ရက် ၊ ၂၀၁၈ ခုနှစ်

**အထက်ရဲရွာရေကာတာစီမံကိန်းအတွက်နေပြည်တော်မှဘက်ဂျက်သစ်များအတည်ပြုခဲ့သည်ကိုသီပေါမြို့ နယ်ပြည်သူလူထုများ ဆန့်ကျင်ခြင်း တွေ့ဆုံပွဲ**

ယနေ့ ၁၂ ၊ ၁၀ ၊ ၂၀၁၈ သီပေါမြို့တွင် လွှတ်တော်ကိုယ်စားလှယ်များ နှင့် ဒေသခံ ပြည်သူလူထုအယောက် (၁၀၀၀) ခန့်သည် နမ္မတူမြစ်ပေါ်ရေကာတာတည်ဆောက်မှုကို ဆန့်ကျင်ကန့်ကွက်ရန်တွေ့ဆုံဆွေးနွေးခဲ့ကြပြီး မကြာသေးခင်က နေပြည်တော်လွှတ်တော်မှ ဆောက်လုပ်ရေးဘက်ဂျက်ငွေများ အတည်ပြုခဲ့ပြီးဖြစ်သော အထက်ရဲရွာ ရေကာတာ တည်ဆောက်မှုကိုရပ်တန့်ပေးပါရန် တောင်းဆိုခဲ့ကြသည်။

သီပေါမြို့ ၊ ရှမ်းစာပေနှင့်ယဉ်ကျေးမှုခန်းမတွင် ကျင်းပပြုလုပ်သည့် တွေ့ဆုံဆွေးနွေးပွဲကို လွှတ်တော် ကိုယ်စားလှယ်အချို့တက်ရောက်ခဲ့ကြသည့်အပြင် အထက်ရဲရွာရေကာတာ နှင့် ပတ်သက်၍ ပြည်သူ့ လွှတ်တော် တွင် အဆိုတင်သွင်းခဲ့သော ရေကာတာစီမံကိန်းဘက်ဂျက်ငွေများ အတည်ပြုခဲ့သည်ကို ဆန့်ကျင်ငြင်းဆိုခဲ့သော သီ ပေါမြို့နယ် SNLD ကိုယ်စားလှယ်ဦးစိုင်းသန့်စင် လည်းတက်ရောက်ခဲ့ပါသည်။ ဦးစိုင်းသန့်စင်က ရေကာတာ တည်ဆောက် မှုကြောင့်ထိခိုက်ပျက်စီးမည့် သဘာဝပတ်ဝန်းကျင် နှင့် လူမှုရေးဆိုင်ရာသက်ရောက်မှုများကိုလည်းကောင်း ၊ ရေကာတာခိုင်ခံ့မှုကိုလည်းစိုးရိမ်ရကြောင်းကို မကြာသေးခင်က ရေကာတာပြိုကျမှုကြောင့် သီပေါမြို့ နမ္မတူမြစ် အနီးတ ဝိုက် တွင် ရေကြီးခဲ့ရသည်ကို ဓာတ်ပုံများနှင့်တကွ တင်ပြခဲ့ပါသည်။

၁၁ ၊ ၉ ၊ ၂၀၁၈ တွင်ရေကာတာတည်ဆောက်မှုအတွက် ဘက်ဂျက် ၃ဘီလီယံ (အမေရိကန် ဒေါ်လာ ၂ သန်းခန့်) ကို အတည်ပြုရန် SNLD လွှတ်တော်ကိုယ်စားလှယ် ၁၂ ဦး အပါအဝင် လွှတ်တော်၌ မဲခွဲဆုံးဖြတ်ရာ ဒေသခံ ပြည်သူလူထုများ၏ စိုးရိမ်ပူပန်မှုကိုလျစ်လျူရှု သောထောက်ခံမဲ ၅၀၁ မဲ ရရှိ၍ ကန့်ကွက်မဲ ၂၈ မဲ သာရရှိခဲ့ပါသည်။

ရေကာတာဆောက်လုပ်မှုပြီးစီးပါက လူဦးရေ ၆၃၅ ဦးနေထိုင်သော တာလုံရွာနှစ်ရွာ အပြင် သစ်သီးဥယျာဉ်ခြံ ၆၁၇ ဧက ၊ လယ်ယာမြေ ၁၄၀ဧက ၊ မရေမတွက်နိုင်သော တောင်ယာစိုက်ခင်းများ ၊ ဘုရားစေတီပုထိုးများ ၊ ဘုန်းကြီး ကျောင်းများ ၊ စာသင်ကျောင်းများ အားလုံးရေလွှမ်းမိုးခံရမည်ဖြစ်သောကြောင့် ဒေသခံပြည်သူလူထု များ ပြင်း ပြင်းထန်ထန် ဆန့်ကျင်ကန့်ကွက်ကြပါသည်။ ၄င်းရေကာတာကို ၂၀၀၈ ခုနှစ် ယခင်စစ်အစိုးရလက်ထက် တွင်စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၄ ခုနှစ် မှသာ ပြည်သူလူထုအားတရားဝင်အသိပေးကြေညာခဲ့ပါသည်။

တာလုံဒေသခံတစ်ဦးဖြစ်သည့် နန်းလောဝ်ခမ်းမှ “ ကျွန်မ တို့ကဒီရေကာတာဆောက် လုပ်ခြင်း နဲ့ ပတ် သက်ပြီးပြင်းပြင်းထန်ထန် ဆန့်ကျင်ကန့်ကွက်တဲ့အတွက် အခုလိုလွှတ်တော်က ဆုံးဖြတ်လိုက်တာနဲ့ပတ် သက်ပြီး အလွန်စိတ်မကောင်းဖြစ်မိပါတယ်။ သဘာဝသယံဇာတတွေ အားလုံးဗဟိုထိန်းချုပ်မှုအောက်မှာ ရှိနေခြင်း ကလည်း ရှမ်းပြည် နယ်အတွင်းမှာရှိတဲ့ ပဋိပက္ခတွေဖြစ်ပွားရခြင်းရဲ့ အဓိကအကြောင်းအရင်းဖြစ်တယ်။ တကယ်လို့ အစိုးရက တိုင်းရင်းသား ပြည်နယ်တွေရဲ့ သဘာဝသယံဇာတတွေကိုဆက်လက်အမြတ်ထုတ်ပြီး ပြည်သူလူထုတွေရဲ့ ဆန္ဒတွေကို ဆက်လက်ဆန့်ကျင်နေမယ်ဆိုရင် ဒီပြဿနာ ပဋိပက္ခတွေက ဘယ်တော့မှပြီးဆုံးတော့မှာ မဟုတ်ဘူး ” ဟုပြော ကြားခဲ့သည်။

လွှတ်တော်မဲခွဲဆုံးဖြတ်သည့်နေ့တွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုဝန်ကြီးဦးထွန်းနိုင်မှ အထက်ရဲရွာရေကာတာ နှင့်ပတ်သက်၍ပြင်းပြင်းထန်ထန်ငြင်းဆိုခဲ့သည်။ ဦးထွန်းနိုင်မှလျှပ်စစ်ဓာတ်အားလိုအပ်သည်ကိုသာပြောဆိုခဲ့ပြီး အသစ်ထပ်မံတည်ဆောက် မည့်ရေကာတာစီမံကိန်း (၅၀) ခု၏တစ်စိတ်တစ်ဒေသ အဖြစ်ပါဝင်ခြင်း ရှိသည်၊ မရှိသည်ကို ရှင်းလင်းပြောကြားခဲ့ခြင်းမရှိပါ။ အဓိကအားဖြင့် အိမ်နီးချင်းနိုင်ငံများသို့လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရန်သာဖြစ်သည်။

ဦးထွန်းနိုင်သည် အထက်ရဲရွာရေကာတာတည်ဆောက်မှုနှင့် ပတ်သက်ဆက်နွယ်မှုရှိနေသောဥရောပ အင်ဂျင်နီယာ ကုမ္ပဏီများ၏ အမည်ကို ပြောကြားခဲ့ပါသည်။ အဓိကအားဖြင့်ရေကာတာတည်ဆောက်မှုအပေါ် ပိုမို စိတ်အားထက်သန်ယုံကြည်မှုရှိလာစေရန်သာဖြစ်သည်။ ယင်းကုမ္ပဏီ များမှာ Germany နိုင်ငံမှ Lahmeyer ၊ SwitcherLand မှ Stukey SA နှင့် French မှ joint venture IPGRB များပင်ဖြစ်သည်။

သို့သော် ဦးထွန်းနိုင်သည် Lahmeyer ကုမ္ပဏီအား Tractebel ENGIE ၏ကုမ္ပဏီခွဲ တစ်ခု ဖြစ် ကြောင်းကိုရှင်းလင်း ပြောကြားခဲ့ခြင်းမရှိပါ။ Tractebel ENGIE လာအိုနိုင်ငံတွင်ဂျူလိုင်လ၌ ကျိုးပျက် ပေါက် ကွဲခဲ့သောရေကာတာကို တည်ဆောက်ခဲ့သည့် ကုမ္ပဏီဖြစ်သည်။ ယင်းပေါက်ကွဲမှုတွင် လူပေါင်းရာ နှင့်ချီ သေဆုံးပြီး ၊ လူပေါင်းထောင်နှင့်ချီ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။

ဒေသခံပြည်သူလူထုများ၏နမ္မတူမြစ်ပေါ်တည်ဆောက်မည့်ရေကာတာဆန့်ကျင်မှုအပေါ် နိုင်ငံခြားကုမ္ပဏီများ က လျစ်လျူရှုခဲ့သည့်အပြင် နော်ဝေးအစိုးရပိုင်သည့် SN Power ကုမ္ပဏီသည် လျှပ်စစ်ဓာတ် ၇၀၀ MW ထွက်ရှိမည့် အလယ်ရဲရွာရေကာတာကို နောင်ချိုမြို့တွင်ထပ်မံတည်ဆောက်ရန် စီစဥ်လျက်ရှိသည်။ ဘေး အန္တရာယ်ပဋိပက္ခများရှိသော်လည်း နမ္မတူမြစ်သည် ရေအားလျှပ်စစ်ထုတ်လုပ်ရန်အတွက် အဓိကမြစ်တစ်ခုဖြစ် ကြောင်း ကိုလည်း ထပ်မံ အားပေးအားမြှောက်ပြုခဲ့သည်။

"စစ်ပွဲဇုန်တွေကြားထဲမှာရှိနေတဲ့မြန်မာနိုင်ငံမှာ ရေကာတာမြှင့်တင်ရင်းနှီးမြှုပ်နှံခြင်းကိုရပ်တန့်ပေးဖို့ ပြည်ပနိုင်ငံ တွေကို တိုက်တွန်းတောင်း ဆိုချင်ပါတယ်။အခုလို ရင်းနှီးမြှုပ်နှံတာက ပဋိပက္ခတွေ ပိုမိုဖြစ်ပွားစေတဲ့အပြင် ငြိမ်းချမ်းရေးရှာဖွေရာမှာလဲအားအင်တွေပိုမိုပြီးတော့ယုတ်လျော့လာစေနိုင်ပါတယ်"ဟုရှမ်းပြည်နယ် လွှတ်တော် ကိုယ်စား လှယ် နန်း စန်းစန်းအေး မှပြောကြားခဲ့သည်။

**ဆက်သွယ်ရန်**


နန်းလောဝ်ခမ်း +၉၅ ၀၉၂၆၂၁၀၈၀၆၂

စိုင်းထမ်းအိုက် +၉၅ ၀၉၉၇၁၈၇၉၉၈၂

နန်းစန်းစန်းအေး +၉၅ ၀၉၇၈၄၂၉၁၂၉၉